# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# မတ်ပဲ

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၅)

(HS-Code 071331)

Vigna mungo









November 2018

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

PRODUCT : 071331 Vigna mungo


(HS-Code 071331)
Vigna mungo

## ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1. Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 274175 | 332016 | 826 | 27.8 |
| Viet Nam | 138924 | 109286 | 1271 | 14.1 |
| Japan | 121817 | 60122 | 2026 | 12.4 |
| Indonesia | 74106 | 75239 | 985 | 7.5 |
| United States of America | 45445 | 25061 | 1813 | 4.6 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၁။ ဖော်ပြပါမတ်ပဲ (HS-Code **071331**) အား ၂၀၁၇ခုနှစ်တွင် အများဆုံးဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အိန္ဒိယနိုင်ငံ၏ ၂၀၁၇ ခုနှစ် သွင်းကုန် မတ်ပဲ တင်သွင်းမှု တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ၂၇၄ဒသမ၁၇၅ သန်းရှိကာ ကမ္ဘာ့မတ်ပဲဈေးကွက်တွင် ဈေးကွက်ဝေစု ၂၇ ဒသမ ၈ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက်ဗီယက်နမ်နိုင်ငံက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၃၈ ဒသမ ၉၂၄ သန်းနှင့် ဈေးကွက်ဝေစု ၁၄ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယ နေရာတွင်ရပ်တည်လျက်ရှိသည်။ အလားတူ ဂျပန်၊ အင်ဒိုနီးရှားနှင့် အမေရိကန်တို့ကလည်း တတိယ၊ စတုတ္ထနှင့် ပဉ္စမ နေရာများတွင် အသီးသီးအစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။ မတ်ပဲ ဝယ်ယူသော ကမ္ဘာ့နိုင်ငံ ၁၅၁ နိုင်ငံ ရှိနေပါသည်။ မြန်မာနိုင်ငံမှ မတ်ပဲ ဝယ်ယူတင်သွင်းသော နိုင်ငံမှာ ထိုင်းနိုင်ငံဟု တွေ့ရှိရပါသည်။ ပေါက်ဈေးများကို နှိုင်းယှဉ် လေ့လာရာတွင် ဂျပန်က ရောင်းချသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး အမေရိကန်က ဒုတိယ၊ တတိယက ဗီယက်နမ် နိုင်ငံတို့ဖြစ်ကြသည်။

**မြန်မာ့ မတ်ပဲတင်ပို့သည့် ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)**

Table 2: Top 5 Importers of Myanmar in 2017

| Importer Countries | Value Imported in 2017(US$,000) | Quantity Imported in 2017(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 200122 | 234208 | 854 | 51.5 |
| Indonesia | 40361 | 40879 | 987 | 10.4 |
| Malaysia | 21775 | 22937 | 949 | 5.6 |
| Japan | 21102 | 16818 | 1255 | 5.4 |
| Nepal | 15310 | 21257 | 720 | 3.9 |

Source : ITC TradeMap

၂။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အများဆုံး တင်ပို့ရောင်းချလျက်ရှိသည့် နိုင်ငံများမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ နီပေါတို့ဖြစ်ကြသည်၊ ထို့ကြောင့် ကမ္ဘာ့သွင်းကုန် အဆင့်(၁) ရှိသော အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ရလျက်ရှိသည်ကိုတွေ့ရသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ

Fig 3. Top 5 Asian Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| India | 274175 | 332016 | 27.8 |
| Viet Nam | 138924 | 109286 | 14.1 |
| Japan | 121817 | 60122 | 12.4 |
| Indonesia | 74106 | 75239 | 7.5 |
| Malaysia | 30294 | 31333 | 3.1 |

Source : ITC TradeMap


၃။ မတ်ပဲထွက်ကုန်ကို အများဆုံး ဝယ်ယူလျက်ရှိသော အာရှနိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်၊ တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၂၇၄ ဒသမ ၁၇၅ သန်းနှင့် အရေအတွက် ၃၃၂၀၁၆ တန်ဖြင့် အများဆုံး ဂျပန်၊ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံတို့ဖြစ်ကြသည်။ ယင်းတို့အနက် အိန္ဒိယသည် ၂၀၁၇ ခုနှစ် ဝယ်ယူလျက်ရှိကြောင်းတွေ့ရပြီး၊ ၎င်းနောက်တွင် ဗီယက်နမ်နိုင်ငံက သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၁၃၈ ဒသမ ၉၂၄ သန်းနှင့် အရေအတွက် ၁၀၉၂၈၆ တန်ဖြင့် ဒုတိယအများဆုံး ဝယ်ယူသည့် နိုင်ငံအဖြစ်တွေ့ရသည်။ ယင်းနောက် ဂျပန်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ

Table 4. Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Myanmar | 388377 | 425539 | 913 | 39.9 |
| China | 217638 | 102498 | 2123 | 22.4 |
| Australia | 101532 | 113042 | 898 | 10.4 |
| Thailand | 31821 | 31713 | 1003 | 3.3 |
| Indonesia | 30026 | 28732 | 1045 | 3.1 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၄။ ၂၀၁၇ခုနှစ်တွင် ဖော်ပြပါမတ်ပဲ (HS-Code 071331) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ မြန်မာ၊ တရုတ်၊ ဩစတြေးလျ၊ ထိုင်းနှင့် အင်ဒိုနီးရှား နိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၃၈၈ ဒသမ ၃၇၇ သန်းရှိပြီး ဈေးကွက်ဝေစု ၃၉ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိသည်။ ဒုတိယနေရာရှိ တရုတ်ကလည်း ကန်ဒေါ်လာ၂၁၇ ဒသမ ၆၃၈ သန်းရှိ၍ ဈေးကွက်ဝေစု ၂၂ ဒသမ ၄ ရာခိုင်နှုန်း ရရှိထားပြီး ဩစတြေးလျသည် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၀၁ ဒသမ ၅၃၂ သန်းနှင့် ဈေးကွက်ဝေစု ၁၀ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးနေရာယူထားကြောင်း တွေ့ရှိရသည်။ ထို့နောက် ထိုင်းနှင့် အင်ဒိုနီရှားနိုင်ငံတို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ဈေးနှုန်းအနေနှင့်မူ တရုတ်ကအမြင့်ဆုံးဖြစ်ပြီး အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာနှင့် ဩစတြေးလျတို့က အစဉ်လိုက်ရှိကြသည်။

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### အိန္ဒိယဈေးကွက်

Fig 5. Top 5 world exporters to India in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Myanmar | 270108 | 311272 | 73.6 |
| Tanzania, United Republic of | 24180 | 37818 | 6.6 |
| Uzbekistan | 19551 | 25167 | 5.3 |
| Australia | 16262 | 17319 | 4.4 |
| Mozambique | 11220 | 17896 | 3.1 |

Source : ITC TradeMap

### ဗီယက်နမ်ဈေးကွက်

Fig 6. Top 5 world exporters to Vietnam in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| China | 75368 | 35115 | 54.3 |
| Australia | 34629 | 40876 | 24.9 |
| Ethiopia | 11509 | 12418 | 8.3 |
| Indonesia | 4806 | 4525 | 3.5 |
| Thailand | 3867 | 4789 | 2.8 |

Source : ITC TradeMap

မလေးရှားဈေးကွက်

Fig 7. Top 5 world exporters to Malaysia in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Myanmar | 21775 | 22937 | 71.9 |
| Australia | 2836 | 2938 | 9.4 |
| China | 1343 | 1107 | 4.4 |
| Argentina | 1159 | 1428 | 3.8 |
| Thailand | 1000 | 827 | 3.3 |

Source : ITC TradeMap

ဂျပန်ဈေးကွက်

Fig 8. Top 5 world exporters to Japan in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| China | 99833 | 42742 | 82 |
| Myanmar | 21102 | 16818 | 17.3 |
| Bangladesh | 423 | 275 | 0.3 |
| India | 210 | 131 | 0.2 |
| Thailand | 102 | 51 | 0.1 |

Source : ITC TradeMap

**အင်ဒိုနီးရှားဈေးကွက်**

Fig 9. Top 5 world exporters to Indonesia in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Myanmar | 40361 | 40879 | 54.5 |
| Ethiopia | 24022 | 24568 | 32.4 |
| Australia | 4283 | 3943 | 5.8 |
| Tanzania, United Republic of | 1096 | 1475 | 1.5 |
| Brazil | 642 | 599 | 0.9 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၅။ မတ်ပဲတင်သွင်းမှု အများဆုံး ထိပ်တန်းနိုင်ငံများ၏ ဈေးကွက်အခြေအနေကို လေ့လာရာတွင် မြန်မာ၊ တရုတ်၊ ဩစတြေးလျနိုင်ငံတို့သည် အများဆုံး တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ ယင်းနိုင်ငံများသည် ကမ္ဘာ့ဈေးကွက်တွင် ထိပ်တန်းပို့ကုန် ၁၀ နိုင်ငံစာရင်းတွင်လည်း ပါဝင်ကြသည်။ တရုတ်နိုင်ငံသည် ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့သို့ အများဆုံး တင်သွင်းလျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံမှလွဲ၍ ကျန် ၄ နိုင်ငံဖြစ်သော အိန္ဒိယ၊ အင်ဒိုနီရှား၊ မလေးရှား၊ ဂျပန်နိုင်ငံများ၏ ထိပ်တန်း ၅ နိုင်ငံစာရင်းတွင် စာရင်းဝင်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည့်အတွက် ဗီယက်နမ်ဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး ကြိုးပမ်းသင့်သည်။

၆။ ITC TradeMap data ၂၀၁၇ မှာ ပြက္ခဒိန်နှစ်နှင့် ဖော်ပြထားခြင်းဖြစ်ပြီး မိမိတို့ Customs data မှာ ဘဏ္ဍာနှစ်နှင့် ဖော်ပြထားခြင်း ဖြစ်သည့်အတွက် ကွဲလွဲမှုရှိနိုင်ပါသည်။ ITC တွင် ဖော်ပြထားသော Trade data မှာ direct data မဟုတ်ဘဲ မိမိကုန်သွယ်ဖက်နိုင်ငံများ၏ စာရင်းကို ကိုးကား၍ ဖော်ပြထားသည့် Mirror data ဖြစ်သည့်အတွက်လည်း ကွဲလွဲနိုင်ပါသည်။

၇။ အိန္ဒိယနိုင်ငံ၏ မတ်ပဲတင်သွင်းမှုစာရင်းတွင် မြန်မာနိုင်ငံ၏ဈေးကွက်ဝေစုမှာ ၇၀ ရာခိုင်နှုန်း ရှိကြောင်း သိရှိရပါသည်။ မြန်မာ့မတ်ပဲ အများဆုံး တင်ပို့သည့် နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ပြိုင်ဖက်နိုင်ငံများ ဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ နီပေါနိုင်ငံများက အိန္ဒိယဈေးကွက်ကို ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ မတ်ပဲဈေးကွက်ကို လေ့လာကြည့်ပါက မြန်မာနိုင်ငံမှ ပမာဏ သိန်းဂဏန်းတင်ပို့နေပြီး ကျန်နိုင်ငံများက ထောင်ဂဏန်းမျှသာ တင်ပိုနိုင်သည်ကို တွေ့ရှိရ၍ မြန်မာနိုင်ငံအနေနှင့် မတ်ပဲ တင်ပို့မှုမှာ ကမ္ဘာတွင်ရော အိန္ဒိယဈေးကွက်တွင်ပါ ထိပ်ဆုံးနေရာက ရှိနေကြောင်း တွေ့ရှိရပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၈။ မြန်မာနိုင်ငံမှ တင်ပို့ရန် အလားအလာကောင်းသော အိန္ဒိယ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့၏ သွင်းကုန်ခွန် စည်းကြပ်မှုကို လေ့လာရာတွင် အိန္ဒိယနိုင်ငံမှအပကျန် (၄) နိုင်ငံတွင် MFN duties သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း တွေ့ရသည်။ အိန္ဒိယနိုင်ငံတွင် အခွန်ကောက်ခံမှု (၃) မျိုးရှိပြီး ၎င်းတို့မှာMFN duties (သုညဒသမ ၃ ရာခိုင်နှုန်း) ၊ Preferential Tariff for LDC (သုညရာခိုင်နှုန်း)၊ Preferential Tariff for ASEAN သုညရာခိုင်နှုန်း တို့ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် LDC ဖြစ်ရုံသာမက ASEAN အဖွဲ့ဝင် နိုင်ငံ လည်းဖြစ်သောကြောင့် အထူးဦးစားပေး အကောက်ခွန်နှုန်းကို ခံစားခွင့်ရှိသည်ကို တွေ့ရသည်။

**Tariff Rate of □□□□□ □□□□□**

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| India | MFN duties (Applied) | 0.3 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Vietnam | MFN duties (Applied) | 0 |
| Indonesia | MFN duties (Applied) | 0 |
| Malaysia | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0 |

Source : ITC TradeMap